PEACE & JUSTICE MYANMAR
(PJM)
peaceandjusticemm@gmail.com


# ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား စောင့်ကြည့်လေ့လာခြင်းမှ ကနဦးတွေ့ရှိချက်များဆိုင်ရာထုတ်ပြန်ကြေညာချက်

( နိုဝင်ဘာလ ၁၄ ရက်၊ ၂၀၁၅ ခုနှစ်၊ ရန်ကုန် )

# မာတိကာ

(၁) နိဒါန်း ........ 2

(၂) စောင့်ကြည့်လေ့လာရေးနည်းလမ်း ........ 2

(၃) အနှစ်ချုပ်တင်ပြချက် ........ 3

(၄) တွေ့ရှိချက်များ ........ 4

(၄.၁) ကြိုတင်မဲပေးခြင်း ........ 4

(၄.၂) ရွေးကောက်ပွဲနေ့တွင်မဲပေးခြင်း ........ 5

(၄.၃) မဲရေတွက်ခြင်းနှင့် ပုံစံများဖြည့်သွင်းခြင်း ........ 6

(၄.၃.၁) မဲရုံတွင် မဲရေတွက်ခြင်းနှင့် ပုံစံများဖြည့်သွင်းခြင်း ........ 6

(၄.၃.၂) မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ခွဲရုံးတွင်  မဲရေတွက်ခြင်းနှင့် ပုံစံများဖြည့်သွင်းခြင်း ........ 7

(၅) အဖွဲ့အစည်း၏ နောက်ခံသမိုင်း ........ 8

# ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးဆိုင်ရာ ကနဦးထုတ်ပြန်ကြေညာချက်

## (၁) နိဒါန်း

ငြိမ်းချမ်းမျှတ လူမှုအဖွဲ့အစည်း Peace & Justice Myanmar သည် ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အသိအမှတ်ပြု ပြည်တွင်းစောင့်ကြည့်လေ့လာရေးအဖွဲ့အစည်းအဖြစ် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးလုပ်ငန်းစဉ် များကိုဆောင်ရွက်ခဲ့ပါသည်။

## (၂) စောင့်ကြည့်လေ့လာရေးနည်းလမ်း

ငြိမ်းချမ်းမျှတလူမှုအဖွဲ့အစည်းမှ ဆောင်ရွက်လျက်ရှိသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး၏ ရည်မှန်းချက်မှာ ရွေးကောက်ပွဲ မတိုင်မီကာလနှင့် ရွေးကောက်ပွဲနောင်းပိုင်းကာလအတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့သည် ထုတ်ပြန်ထားသည့် ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ အပေါ်နားလည်မှုအတိုင်းအတာ၊ ယင်းထုတ်ပြန်ထားသည်များအား စနစ်တကျလိုက်နာမှု ရှိမရှိနှင့် ထိုထုတ်ပြန်ထားသည့် ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများအပေါ် လိုက်နာဆောင်ရွက် ကြသည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်၏ အခြေအနေ၊ အားသာချက်၊ အားနည်းချက်များအား လေ့လာစောင့်ကြည့်သွားရန်ဖြစ်သည်။

ငြိမ်းချမ်းမျှတလူမှုအဖွဲ့အစည်း၏ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ကို ကာလတို စောင့်ကြည့်လေ့လာသူ (၁၁၀) ဦး၊ ကာလရှည် စောင့်ကြည့်လေ့လာသူ (၁၅) ဦး၊ တိုင်းဒေသကြီး တာဝန်ခံ (၃) ဦး စုစုပေါင်း (၁၂၈) ဦးတို့ကို ရောဂတီတိုင်းဒေသကြီးတွင် (၈) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် (၅) မြို့နယ်နှင့် နေပြည်တော်ပြည်ထောင်စုနယ်မြေတွင် (၃) မြို့နယ်တို့၌ ဖြန့်ကျက်နေရာချထားခဲ့ပါသည်။

ရွေးကောက်ပွဲမတိုင်မီကာလ စက်တင်ဘာလ ၁၄ ရက်နေ့တွင် မဲဆန္ဒရှင်စာရင်းကြေညာမှုအား ကာလရှည် စောင့်ကြည့်လေ့လာသူ (၁၈) တို့ဖြင့် စောင့်ကြည့်လေ့လာမှုအားစတင်ခဲ့ပါသည်။

ကြိုတင်မဲပေးခြင်းဖြစ်စဉ်ကိုလည်း (၅.၁၁.၂၀၁၅) ရက်နေ့မှ (၇.၁၁.၂၀၁၅) မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ခွဲရုံး၊ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ ရပ်ကွက်/ကျေးရွာအတွင်း ကြိုတင်မဲပေးမှု၊ တပ်ရင်း၊ ရဲစခန်း၊ အချုပ်ခန်းနှင့် ဆေးရုံ စသည့် နေရာစုစုပေါင်း (၂၃၂) နေရာတို့တွင် စောင့်ကြည့်လေ့လာ ခဲ့ပါသည်။

ရွေးကောက်ပွဲနေ့တွင် မဲရုံစုစုပေါင်း (၁၇၃) ရုံ၌ စောင့်ကြည့်လေ့လာခဲ့သည့်အနက် (၆၉) ရုံတွင် မဲရုံမဖွင့်မီနှင့် မဲရုံဖွင့်လှစ်သည့်အချိန်ကိုစောင့်ကြည့်လေ့လာခဲ့ပြီး၊ (၆၆) ရုံတွင် မဲရေတွက်ခြင်းနှင့် ရလာဒ်များစာရင်းသွင်းခြင်း တို့ကို စောင့်ကြည့်လေ့လာခဲ့သည်။

စောင့်ကြည့်လေ့လာသူများသည် အဖွဲ့ဝင်နှစ်ဦးစီပါဝင်သော အဖွဲ့ငယ်များအဖြစ် မဲရုံမဖွင့်မီ၊ မဲရုံဖွင့်လှစ်သည့်အချိန်၊ မဲရေတွက်ခြင်းနှင့် ရလာဒ်များစာရင်းသွင်းခြင်းတို့ကို စောင့်ကြည့်လေ့လာခဲ့ပြီး ကျန်အချိန်များတွင် အခြားမဲရုံများသို့ သွားရောက်စောင့်ကြည့်လေ့လာခဲ့ကြသည်။ စောင့်ကြည့်လေ့လာရေးလုပ်ငန်းစဉ်များသည် မိမိတို့အဖွဲ့အစည်းမှ စံနှုန်းသတ်မှတ်ထားသော ပုံစံ (form) များအပေါ်တွင် အခြေခံထားပါသည်။ ပုံစံများတွင် ပါဝင်သော မေးခွန်းအားလုံးသည် ရွေးကောက်ပွဲဆိုင်ရာ တရားဥပဒေမူဘောင်များဖြစ်သော ဥပဒေများ၊ နည်းဥပဒေများနှင့် လမ်းညွှန်ချက်များ အပေါ်တွင် အခြေခံပြီး ပြုစုထားခြင်းဖြစ်ပါသည်။

## (၃) အနှစ်ချုပ်တင်ပြချက်

ယခုအစီရင်ခံစာသည် ကြိုတင်မဲပေးခြင်း လုပ်ငန်းစဉ်များ နှင့် ရွေးကောက်ပွဲနေ့တွင် မဲပေးခြင်းလုပ်ငန်းစဉ်များပေါ် ငြိမ်းချမ်းမျှတလူမှုအဖွဲ့အစည်း၏ စောင့်ကြည့်လေ့လာခြင်းလုပ်ငန်းစဉ်များမှ ကနဦးလေ့လာတွေ့ရှိချက်များအား ဖော်ပြထားခြင်းဖြစ်သည်။ ငြိမ်းချမ်းမျှတလူမှုအဖွဲ့အစည်းသည် ကြိုတင်မဲပေးခြင်းအား (၂၃၂) နေရာ၊ ရွေးကောက်ပွဲနေတွင် မဲရုံပေါင်း (၁၇၃) ရုံ နှင့် မြို့နယ်ရုံး (၁၃) ရုံးတွင် မဲဆန္ဒနယ်ပြင်ပရောက် ကြိုတင်မဲများရေတွက်ခြင်းနှင့် သက်ဆိုင်ရာ ရပ်ကွက်များ အလိုက်ရလဒ်များ မှတ်တမ်းတင်ခြင်းစသည်တို့အား စောင့်ကြည့်လေ့လာခြင်းများပြုလုပ်ခဲ့သည်။

စောင့်ကြည့်လေ့လာချက်များအရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့်တကွ အများစုသော ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့သည် ပွင့်လင်းမြင်သာမှုရှိအောင်နှင့် မဲပေးခြင်းဖြစ်စဉ်အား အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ခဲ့သည်ကိုတွေ့ရသည်။

မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအများစုသည် ရွေးကောက်ပွဲဥပဒေများနှင့် နည်းဥပဒေများနှင့် လမ်းညွှန်ချက်များ အတိုင်း လိုက်နာဆောင်ရွက်သည်ကို တွေ့ရသည်။ သို့သော် ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများနှင့် မဲရုံအဖွဲ့ဝင် အများစုသည် ရွေးကောက်ပွဲဥပဒေများနှင့် နည်းဥပဒေများနှင့် လမ်းညွှန်ချက်များကို နားလည်မှုနှင့် လိုက်နာဆောင်ရွက်မှု အားနည်းသည်ကိုလည်းကောင်း တွေ့ရသည်။

ရွေးကောက်ပွဲနေ့တွင် စောင့်ကြည့်လေ့လာသူများသည် မဲရုံ စုစုပေါင်း (၁၇၃) ရုံတွင် စောင့်ကြည့်လေ့လာခဲ့ပြီး စောင့်ကြည့်လေ့လာသူများ၏ လေ့လာတွေ့ရှိသော အစီရင်ခံစာများမှ အကဲဖြတ်ချက်များအရ (၉၅%) ခန့်သည် မဲပေးခြင်းဖြစ်စဉ်အတွက် ဆောင်ရွက်ရန် သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများအတိုင်း ပွင့်လင်းမြင်သာမှုရှိစွာ လိုက်နာလုပ်ဆောင်သည်ကို တွေ့ရပါသည်။ သို့သော်ကြိုတင်မဲပေးခြင်းဖြစ်စဉ်နှင့် ဆန္ဒမဲရလာဒ်များအား ထုတ်ပြန်ကြေညာခြင်းဖြစ်စဉ်တို့တွင်မူ ပွင့်လင်းမြင်သာမှုသည် အားနည်းသည်ကို တွေ့ရပါသည်။

ယခုအစီရင်ခံစာသည်ကနဦးလေ့လာတွေ့ရှိချက်များဖြစ်ပြီး ငြိမ်းချမ်းမျှတလူမှုအဖွဲ့အစည်း၏ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးဖြစ်စဉ်မှ အသေးစိတ်အချက်အလက်များကို စနစ်တကျစုစည်းသုံးသပ်ကာ နောက်ဆုံးထုတ်ဝေမည့် အစီရင်ခံစာတွင် ဖော်ပြသွားမည်ဖြစ်ပါသည်။

# (၄) တွေ့ရှိချက်များ

## (၄.၁) ကြိုတင်မဲပေးခြင်း

မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအများစုသည် ကြိုတင်မဲပေးခွင့်ရှိသူများ မဲပေးနိုင်ရန်အတွက် (၂၉.၁၀.၂၀၁၅) ရက်နေ့မှ (၇.၁၁.၂၀၁၅) ရက်နေ့အထိတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၊ ရပ်ကွက်/ကျေးရွာအုပ်စုများ၏ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၊ ရပ်ကွက်/ ကျေးရွာအုပ်စုများ အတွင်းနှင့် ရဲစခန်း၊ ဆေးရုံ၊ အချုပ်ခန်းစသည်တို့၌ မဲဆန္ဒရှင်များ ကြိုတင်မဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြသည်။

ကြိုတင်မဲပေးခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်ရာ၌ အများအားဖြင့် မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက နိုင်ငံရေးပါတီများမှ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်များ၊ စောင့်ကြည့်လေ့လာသူများနှင့် မီဒီယာများအား လိုက်ပါစောင့်ကြည့်ခွင့်ပြုသည်ကို တွေ့ရသည်။ ရပ်ကျေးကော်မရှင်အများစုသည် ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။

စောင့်ကြည့်လေ့လာရေးအစီရင်ခံစာများအရ ရပ်ကွက်/ ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် လျှို့ဝှက်ဆန္ဒပြုခန်းများ ထားရှိသဖြင့် မဲဆန္ဒရှင်များ လျှို့ဝှက်ဆန္ဒပြုနိုင်သည်ကို တွေ့ရသည်။ သို့သော် ရပ်ကွက်/ကျေးရွာအုပ်စုအတွင်းရှိ မဲဆန္ဒရှင်ရှိရာသို့သွားရောက်ကောက်ခံခြင်း နှင့် ရဲစခန်း၊ ဆေးရုံ၊ အချုပ်ခန်းစသည်တို့၌မူ လျှို့ဝှက်စွာ မဲပေးနိုင်ခြင်း အားနည်းသည်ကို တွေ့ရှိရသည်။ ကြိုတင်မဲလက်မှတ်များပေါ်တွင် ဆန္ဒပြုရာ၌ မဲဆန္ဒရှင်အချို့သည် ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ (သို့မဟုတ်) သက်ဆိုင်ရာဌာနအကြီးအကဲရှေ့တွင်ပင် ဆန္ဒပြုကြသည်ကို တွေ့ရသည်။

ရပ်ကွက်/ကျေးရွာအုပ်စုအချို့တွင်မူ သတင်းထောက်အချို့က ကြိုတင်မဲပေးနေခြင်းကို ဓာတ်ပုံရိုက်ရာ၌ ကြိုတင်မဲလက်မှတ်များကို မြင်နိုင်သော အနေအထားမှ ဓာတ်ပုံရိုက်နေပြီး ထိုသို့ ဓာတ်ပုံရိုက်ခြင်းကို ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဝင်များက တားမြစ်ခြင်းမရှိသည်ကို တွေ့ရပါသည်။

ကြိုတင်ဆန္ဒမဲပေးခြင်းအား (၂၃၂) နေရာ တွင် စောင့်ကြည့်လေ့လာခဲ့ပြီး ၎င်းတို့အနက်မှနေပြည်တော်နှင့် ရန်ကုန်တိုင်းဒေသကြီးရှိ ရပ်ကွက် (၄) ခု တွင်မူ ကြိုတင်မဲပေးခြင်းကို ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်ရုံးတွင် ဆောင်ရွက်ခြင်းမရှိဘဲ ဓမ္မာရုံတစ်ခုတွင် ဆောင်ရွက်ခဲ့ပြီး မဲဆန္ဒရှင်များက မည်သည့်ကိုယ်စားလှယ်အား ကြိုတင်မဲပေးနေသည်ကို အဆောက်အဦးပြင်ပမှပင် မြင်နိုင်သည့်အနေအထားဖြစ်နေသည်ကို တွေ့ရသည်။

ရပ်ကွက်/ကျေးရွာအုပ်စုအတွင်း ကြိုတင်မဲများကောက်ယူရာ၌ ကြိုတင်မဲ များထည့်သွင်းထားပြီး သည့် စာအိတ်များအား ထုပ်ပိုးသယ်ဆောင်ရာတွင် မည်သည့်အမှတ်အသားမှမပါသော ပလတ်စတစ်အိတ်များဖြင့် ထည့်သွင်း ယူဆောင်သည်ကို တွေ့ရပါသည်။

ကြိုတင်မဲလက်မှတ်များနှင့် ပတ်သက်ရာတွင် ရွေးကောက်ပွဲနည်းဥပဒေများအရ ကြိုတင်မဲလက်မှတ်များ၏ နောက်ကျောဘက်တွင် သက်ဆိုင်ရာမြို့နယ်ကော်မရှင်၏ ရုံးတံဆိပ်၊ တာဝန်ယူ၍ ထုတ်ပေးသူ၏အမည်နှင့်

လက်မှတ် ပါရှိရမည်ဟု ဖော်ပြထားသော်လည်း စောင့်ကြည့်လေ့လာသူများ၏ အစီရင်ခံချက်များအရ (၉၈%) သောမဲလက်မှတ်များမှာကော်မရှင်မှ တံဆိပ်အမှတ်ပါရှိပြီး ၊ (၉၅%) မှာကြိုတင်ဆန္ဒမဲလက်မှတ် နောက်ကျောတွင် တာဝန်ယူထုတ်ပေးသူ၏လက်မှတ်ရေးထိုးထားကာ၊ (၁၀%) သောဆန္ဒမဲလက်မှတ်များတွင်တာဝန်ယူထုတ်ပေးသူ ၏ အမည် မပါဝင်ကြောင်းတွေ့ရှိရပါသည်။

မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် စောင့်ကြည့်လေ့လာရာ၌ အချို့မြို့နယ်များတွင် မဲဆန္ဒနယ် ပြင်ပရောက် ကြိုတင်မဲ ပေးပိုင်ခွင့်ရှိသူများစာရင်း ပုံစံ(၁-၁)ကို ကပ်ထားသော်လည်း နိုင်ငံပြင်ပရောက် ကြိုတင်မဲပေးပိုင်ခွင့်ရှိသူများစာရင်း ပုံစံ(၁-၃)ကို ကပ်ထားခြင်းမရှိချေ။ အချို့မြို့နယ်များတွင် တပ်ရင်းများရှိသော်လည်း ကြိုတင်မဲပေးပိုင်ခွင့်ရှိသည့် တပ်မတော်သားများနှင့် အတူနေ အိမ်ထောင်စုဝင်များစာရင်း ပုံစံ(၁-၂)ကို ကပ်ထားခြင်းမရှိချေ။

## (၄.၂) ရွေးကောက်ပွဲနေ့တွင်မဲပေးခြင်း

ရွေးကောက်ပွဲနေ့တွင် မဲရုံစုစုပေါင်း (၁၇၃) ရုံတွင် စောင့်ကြည့်လေ့လာခဲ့သည့် အနက်မှ မဲရုံ (၃) ရုံမှာ တပ်ရင်း နှင့် ရဲစခန်း၏ နယ်နိမိတ်အတွင်း၌ ဆောက်လုပ်ထားသော မဲရုံများဖြစ်သည်။ ထို့အပြင် အကျဉ်းဦးစီးဌာန (အင်းစိန်) ဝင်းအတွင်းရှိ မဲရုံတွင်လည်း စောင့်ကြည့်လေ့လာခဲ့ပါသည်။

နေပြည်တော်ရှိ မဲရုံအများစု၏ အတွင်းပိုင်းအနေအထားနှင့် မဲရုံအပြင်ဘက်တွင် ပြင်ဆင်ထားရှိမှုများသည် စနစ်ကျသည်ဟု ဆိုနိုင်သည်။ မဲရုံအတွက်မရှိမဖြစ်လိုအပ်သော ပစ္စည်းများအားလုံးကို စနစ်တကျ ပြင်ဆင်ထားသည်။ သို့သော် အချို့မဲရုံများ၌ စာမတတ်သူမဲဆန္ဒရှင်များလက်ဗွေနှိပ်ရန်မင်ခံခွက်၊ လက်သုတ်ရန်တစ်ရှူးစသည့် ပစ္စည်းအချို့ မရှိသည်ကို တွေ့ရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အချို့သောမဲရုံများသည် အလွန်ကျဉ်းမြောင်းပြီး မဲရုံဝင်ပေါက်၊ ထွက်ပေါက်ကို တစ်ပေါက်တည်းသာ ထားရှိပြီး မဲဆန္ဒရှင်အားလုံး ထိုအပေါက်တစ်ပေါက်တည်းမှသာ အဝင်အထွက်ပြုရသည်ကို တွေ့ရသည်။

မဲရုံအဖွဲ့ဝင်များ လမ်းညွှန်စာအုပ်အရ မဲလက်မှတ်ထုတ်ပေးသည့်စားပွဲပေါ်တွင် မည်သည့်လွှတ်တော်ဖြစ်ကြောင်း ဖော်ပြသည့် စာတမ်းပြထားရန် ဖော်ပြထားသည်။ သို့သော် စောင့်ကြည့်လေ့လာသူများ၏အစီရင်ခံစာအရ (၃၃%) သောမဲရုံများ၏ စားပွဲများပေါ်တွင် ထိုစာတမ်းများ မရှိသဖြင့် မဲဆန္ဒရှင်များသည် မည်သည့်နေရာတွင် မည်သည့်လွှတ်တော်အတွက် မဲလက်မှတ်ထုတ်ယူရမည်ကို မသိသဖြင့် အချိန်ကြန့်ကြာသည့်အပြင် အချို့မဲဆန္ဒရှင်များသည် မဲလက်မှတ်များအား မသက်ဆိုင်သော မဲပုံးများအတွင်းသို့ မှားယွင်းထည့်သွင်း မိကြသည်ကို တွေ့ရသည်။

မဲရုံတိုင်းတွင် မဲဆန္ဒရှင်များလေ့လာနိုင်ရန်အတွက် မဲရုံပုံစံများ၊ ခိုင်လုံမဲနှင့် ပယ်မဲနမူနာများ၊ မဲရုံအဖွဲ့ဝင်များ၏ တာဝန်များကို ဖော်ပြထားသော ဗီနိုင်းများကိုလည်းကောင်း၊ မဲဆန္ဒရှင်စာရင်းများကို လည်းကောင်း ကပ်ထားသည်ကို တွေ့ရပါသည်။ သို့သော် အချို့မဲရုံများတွင် ကြိုတင်မဲပေးပြီးသူများ စာရင်းကို

ကပ်ထားခြင်းမရှိသည်ကို တွေ့ရသည်။ စောင့်ကြည့်လေ့လာသူများ၏အစီရင်ခံစာများအရ (၁၅%) သော မဲရုံများတွင် ကြိုတင်မဲပေးပြီးသူများစာရင်းကို ကပ်ထားကြေညာခြင်း မရှိကြောင်းတွေ့ရှိရပါသည်။

စောင့်ကြည့်လေ့လာချက်များအရ မဲရုံအများစုသည် မနက် (၆)နာရီတိတိတွင် မဲရုံဖွင့်လှစ်ပြီး မဲဆန္ဒရှင်များအား မဲပေးခွင့်ပြုသည်ကို တွေ့ရသည်။ မဲရုံအနည်းစုသည်သာ အချိန်နောက်ကျပြီး မဲရုံဖွင့်လှစ်ခဲ့သော်လည်း အဆိုပါ ဖြစ်စဉ်များသည် မဲဆန္ဒရှင်များ၏ မဲပေးနေခြင်းကိုမူ မထိခိုက်စေပါ။

စောင့်ကြည့်လေ့လာသူများ၏အစီရင်ခံစာများအရ စောင့်ကြည့်လေ့လာမှုပြုလုပ်ခဲ့သည့် မဲရုံများအနက် (၃၀%) သောမဲရုံများတွင် မဲရုံအဖွဲ့ဝင်များသည် မဲဆန္ဒရှင်သက်သေခံလက်မှတ်များကို စစ်ဆေးခြင်း၊ မဲဆန္ဒရှင်များ၏ လက်ချောင်းများကို မင်တို့ထားခြင်း ရှိ၊ မရှိ စစ်ဆေးခြင်းတို့ကို လုပ်ဆောင်ခြင်း မရှိပါ။

မဲရုံအဖွဲ့ဝင်အများစု သည် မဲဆန္ဒရှင်များက မသိနားမလည်ပါက ရှင်းပြပေးသည်ကို တွေ့ရသည်။ သို့သော် အချို့မဲရုံအဖွဲ့ဝင်များသည် သတ်မှတ်ထားသော ပုံစံများကို ဖြည့်သွင်းရာ၌ အားနည်းချက်များ ရှိနေသည်။ ပုံစံအများစုတွင် အချက်အလက်များဖြည့်သွင်းရာ၌ မပြည့်စုံခြင်း၊ လက်မှတ်ထိုးသော်လည်း လက်မှတ်ထိုးသူ၏ အမည်များ မပါဝင်ခြင်းစသည်တို့ကို တွေ့ရသည်။

ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်အများစုကမူ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများနှင့် နှိုင်းယှဉ်ပါက မဲရုံအတွင်းလုပ်ထုံးလုပ်နည်းများကို လုပ်ဆောင်ရာ၌ တိကျမှု ပိုမိုအားနည်းသည်ကို တွေ့ရသည်။

စောင့်ကြည့်လေ့လာသူများ၏ လေ့လာတွေ့ရှိသော အစီရင်ခံစာများမှ အကဲဖြတ်ချက်များအရ (၈၆%) ခန့်သည် အမှားအယွင်းမရှိ (သို့မဟုတ်) အမှားအယွင်းနည်း ဟူ၍ သတ်မှတ်ထားသည်။ (၁၀%) ခန့်သည် အမှားအယွင်းများသော်လည်း မဲပေးမှုကို ထိခိုက်နိုင်ခြင်းမရှိဟုသတ်မှတ်ပြီး၊ (၄%)မှာ အမှားအယွင်းများပြီး မဲပေးမှုကိုထိခိုက်နိုင်သည်ဟု အစီရင်ခံချက်များအရ တွေ့ရှိရပါသည်။ အမှားအယွင်းများပြီး မဲပေးမှုကို ဆိုးရွားစွာ ထိခိုက်စေသည်ဟု အဆင့်သတ်မှတ်ကာ အစီရင်ခံထားသော မဲရုံမရှိပါ။

## (၄.၃) မဲရေတွက်ခြင်းနှင့် ပုံစံများဖြည့်သွင်းခြင်း

### (၄.၃.၁) မဲရုံတွင် မဲရေတွက်ခြင်းနှင့် ပုံစံများဖြည့်သွင်းခြင်း

မဲရုံတွင်မဲရေတွက်ခြင်းနှင့် ပုံစံများဖြည့်သွင်းအား မဲရုံ စုစုပေါင်း (၆၆) ရုံတွင် စောင့်ကြည့်လေ့လာခဲ့ပါသည်။ မဲရုံမှူးသည် မဲရုံကိုယ်စားလှယ်၊ အကျကိုယ်စားလှယ်၊ အများပြည်သူအသိသက်သေများ၊ စောင့်ကြည့်လေ့လာသူများနှင့် မီဒီယာများ ရှေ့မှောက်တွင် ကြိုတင်မဲပုံးကို စတင်ဖွင့်ဖောက်ရေတွက်ခဲ့သည်။ ဥပဒေနှင့် နည်းဥပဒေများအရ မဲရုံမှူးသည် လွှတ်တော်ကိုယ်စားလှယ်လောင်းများရရှိသော ဆန္ဒမဲစာရင်း ပုံစံ (၁၆) ကို ဖြည့်သွင်းရာ၌ အသိသက်သေများ လက်မှတ်ထိုးရမည်ဖြစ်ရာ အသိသက်သေအရေအတွက် (၁၀) ယောက် မပြည့်သဖြင့် စောင့်ကြည့်လေ့လာသူများကို လက်မှတ်ထိုးစေခြင်းများ ရှိပါသည်။

ဥပဒေနှင့် နည်းဥပဒေများအရလည်းကောင်း၊ လမ်းညွှန်စာအုပ်အရလည်းကောင်း မဲလက်မှတ်များကို သက်ဆိုင်ရာအိတ်အသီးသီးသို့ ထည့်ပြီးနောက် အိတ်များကို ချိပ်တံဆိပ်ခပ်နှိပ်ရာတွင် မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်များကို ချိပ်တံဆိပ်ခပ်နှိပ်ခွင့် ပြုရမည်ဖြစ်သော်လည်း မိမိတို့စောင့်ကြည့်လေ့လာမှုပြုလုပ်သည့် မဲရုံ (၆၆) ရုံ အနက်မှ (၂%) ရုံတွင်မူ မဲရုံမှူးများက မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်များကို ချိပ်တံဆိပ်ခပ်နှိပ်ခွင့် မပေးသည်ကို တွေ့ရပါသည်။

## (၄.၃.၂) မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် မဲရေတွက်ခြင်းနှင့် ပုံစံများဖြည့်သွင်းခြင်း

မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် မဲရေတွက်ခြင်းနှင့် ပုံစံများဖြည့်သွင်းခြင်းကို မြို့နယ်ရုံး (၁၃) ရုံးတွင် စောင့်ကြည့်လေ့လာခဲ့ပါသည်။ စောင့်ကြည့်လေ့လာခဲ့သည့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအားလုံးသည် ညနေ (၄) နာရီ နောက်ပိုင်းတွင် ကြိုတင်မဲပုံးများကို သက်ဆိုင်ရာ ပါတီအသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲ ကိုယ်စားလှယ်များ၊ အများပြည်သူ အသိသက်သေများ၊ စောင့်ကြည့်လေ့လာသူများနှင့် မီဒီယာများရှေ့တွင် စတင်ဖွင့်ဖောက်ရေတွက်ခဲ့သည်။ ညနေ (၄) နာရီနောက်ပိုင်းမှ ရောက်လာသော ကြိုတင်မဲပုံး မရှိပါ။

ရွေးကောက်ပွဲ ဥပဒေနှင့် နည်းဥပဒေများအရ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် မဲရုံများမှ ရောက်လာသော ပုံစံ(၁၆) များနှင့် ပုံစံ (၁၈) အရ လွှတ်တော်ကိုယ်စားလှယ်များရရှိသော ဆန္ဒမဲရလာဒ်များကို ပုံစံ (၁၉) တွင် ဖြည့်သွင်းပြီးနောက် ရုံးတွင် ကပ်ရမည်ဖြစ်သော်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက်အရဟုဆိုကာ ပုံစံ(၁၉)အား မကပ်သည်ကို တွေ့ရပါသည်။

## (၅) ငြိမ်းချမ်းမျှတလူမှု အဖွဲ့အစည်း၏ နောက်ခံသမိုင်း

ငြိမ်းချမ်းမျှတလူမှုအဖွဲ့အစည်း (Peace & Justice Myanmar) သည် မြန်မာ့လူမှုအဖွဲ့အစည်း အတွင်း၌ ဒီမိုကရေစီ၏ အခြေခံစံနှုန်းများ၊ စည်းမျဉ်းများနှင့် နိုင်ငံသားဆိုင်ရာအသိပညာများ မြင့်မားလာစေရန် အဓိကထား ပြီး ဆောင်ရွက်နေသော ပြည်တွင်း အရပ်ဘက်လူမှုအဖွဲ့အစည်းတစ်ဖွဲ့ဖြစ်ပါသည်။

၂၀၁၄ခုနှစ် ဇန်နဝါရီလ(၄)ရက်နေ့တွင် ငြိမ်းချမ်းမျှတ လူမှုအဖွဲ့အစည်းကို ပြည်တွင်းအရပ်ဘက် လူမှုအဖွဲ့အစည်း အဖြစ် စတင်ထူထောင်ခဲ့ပါသည်။ ငြိမ်းချမ်းမျှတလူမှုအဖွဲ့အစည်း သည် မဲဆန္ဒရှင်အသိပညာပေးသင်တန်း များအပါအဝင် အခြားသော ဒီမိုကရေစီစံနှုန်းးများနှင့် သက်ဆိုင်သော သင်တန်းများ၊ ဆွေးနွေးပွဲများ ကို ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။

၂၀၁၅ခုနှစ် မတ်လ မှ ဇူလိုင်လထိ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် (၈) မြို့နယ်တွင် မြို့နယ်ရွေးကော်ပွဲကော်မရှင်အဆင့်ဆင့်နှင့် ပူးပေါင်းညှိနှိုင်းဆွေးနွေးပြီး ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များကို အခြေခံမဲဆန္ဒရှင်စာရင်းဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ကျင်းပခဲ့သည့်အပြင် အခြေခံမဲဆန္ဒရှင်စာရင်းကပ်ထားကြေညာခြင်းအား စောင့်ကြည့်လေ့လာရေး နှင့်အများပြည်သူအား မဲစာရင်းကြည့်ရှုစစ်ဆေးရန် တိုက်တွန်းနှိုးဆော်သော လုပ်ငန်းစဉ်များ ကိုလည်း ဆောင်ရွက်ခဲ့ပါသည်။

**၂၀၁၅ ခုနှစ် ဩဂုတ်လမှ စတင်ပြီး ၂၀၁၅ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးလုပ်ငန်းစဉ်အား ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန် တိုင်းဒေသကြီးနှင့် နေပြည်တော်ပြည်ထောင်စုနယ်မြေ တို့တွင် စတင်ဆောင်ရွက်ခဲ့ပြီး အထွေထွေရွေးကောက်ပွဲမတိုင်မီနှင့် ရွေးကောက်ပွဲကျင်းပသည့်နေ့တိုကိုလေ့လာစောင့်ကြည့်ခဲ့ပြီး ဆက်လက်၍ ရွေးကောက်ပွဲပြီးနောက်ပိုင်း ရွေးကောက်ပွဲရလာဒ်များနှင့် ဆက်စပ်သော လုပ်ငန်းစဉ်များ၊ ရွေးကောက်ပွဲကန့်ကွက်လွှာ တင်သွင်းခြင်းနှင့် ရွေးကောက်ပွဲခုံအဖွဲ့တို့၏ လုပ်ငန်းစဉ်များကို ဥပဒေမူဘောင်ဆိုင်ရာ ရှုထောင့်မှ စောင့်ကြည့် လေ့လာမည်ဖြစ်ပြီး မတ်လ ပထမပတ်အတွင်းတွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး ဖြစ်စဉ်တရပ်လုံး၏ အပြီးသတ်အစီရင်ခံစာကို ထုတ်ပြန်သွားမည် ဖြစ်ပါသည်။**

**Peace & Justice Myanmar**

**Research and Capacity Development Services for**
**Democratic Citizen, Peace and**
**Women Leadership**

**Building (B), 7 Floors, Room (2B-853), Muditar Condominium, Insein Township, Yangon Region**
**Email:** peaceandjusticemm@gmail.com, **Ph : 09 799856076, 09 799856075, 09 5026184**